**ARAKAN LIBERATION PARTY**

(Liberty) (Equality) (Fraternity)

## နအဖစစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲကို လုံးဝဆန့်ကျင်ကြောင်း
## ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (**ALP**)၏
## သဘောထားထုတ်ပြန်ချက်

ထုတ်ပြန်ချက်အမှတ် – ၁/၂၀၁၀

၁။ ယနေ့ မြန်မာနိုင်ငံကိုအုပ်စိုးနေသော နအဖစစ်အုပ်စုသည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၈)ရက်နေ့တွင် ပြည်သူလူထုကြီးတရပ်လုံး၏ တခဲနက်ဒီမိုကရေစီတောင်းဆိုမှုကို အကြမ်းဖက်ချေမှုန်းပြီး အာဏာသိမ်းအုပ်စိုးလာခဲ့သည့် စစ်အုပ်စုဖြစ်သည်။

၂။ ရွေးကောက်ပွဲပြီးလျှင် အနိုင်ရပါတီသို့ အာဏာလွှဲပါမည်ဟုကတိပြုပြီးနောက် ၁၉၉၀ ခုနှစ်တွင်ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ်အား အသိအမှတ်မပြုဘဲ စစ်အုပ်စုအား ထောက်ခံသူများကိုစုစည်းပြီး အမျိုးသားညီလာခံဆိုသည်ကို (၁၃)နှစ်ကြာကျင်းပပြုလုပ်ကာ အခြေခံဥပဒေကို ရေးဆွဲခဲ့သည်။ တဖက်သတ်ရေးဆွဲခဲ့သောဥပဒေကို ပြည်သူ့ဆန္ဒနှင့်ဆန့်ကျင်ပြီး ၂၀၀၈ ခုနှစ်တွင် အဓမ္မအတည်ပြုခဲ့သည်။

၃။ ထိုအခြေခံဥပဒေသည်–
(က) ဒီမိုကရေစီနှင့်လုံးဝဆန့်ကျင်ပြီး စစ်အာဏာရှင်စနစ်ကို တရားဝင်အသိအမှတ်ပြုစေသည့်ဥပဒေဖြစ်နေခြင်း၊
( ခ) ပြင်ဆင်ဖြည့်စွက်ရန် လုံးဝမလွယ်ကူသည့် ဥပဒေဖြစ်နေခြင်း၊
( ဂ) စစ်ဗိုလ်တမတ်သားပါဝင်ပြီး နိုင်ငံတော်အား စစ်ဗိုလ်ချုပ်များမှ ရာသက်ပန် အုပ်စိုးမည့်ဥပဒေဖြစ်နေခြင်း၊
(ဃ) မြန်မာနိုင်ငံအမျိုးသမီးများ လုံးဝသမ္မတဖြစ်ပိုင်ခွင့်မရှိသည့် ဥပဒေဖြစ်နေခြင်း၊
( င) တိုင်းရင်းသားအားလုံး၏ ဦးတည်ချက်ဖြစ်သည့် တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် အချက်လုံးဝမပါရှိခြင်း –––– စသည်တို့ပါဝင်နေသည်။

၄။ ထို့ကြောင့် ထိုအခြေခံဥပဒေအရကျင်းပပေးမည့် ရွေးကောက်ပွဲသည် ပြည်သူလူထုဆန္ဒနှင့် လုံးဝဆန့်ကျင်ဖက်ဖြစ်သည်။ ဒီမိုကရေစီနှင့် လုံးဝဆန့်ကျင်ဖက်ဖြစ်သည်။ လူမျိုးစုံပြည်သူလူထုကြီးတရပ်လုံး၏အနာဂါတ်ကို အရှင်လတ်လတ် ငရဲပြည်သို့ပို့ဆောင်မည့် အခြေခံဥပဒေအရ ပြုလုပ်မည့်ရွေးကောက်ပွဲဖြစ်သည့်အတွက် ရခိုင်ပြည်သူလူထုတရပ်လုံးအနေနှင့် လူမျိုးစုံတိုင်းရင်းသားပြည်သူတရပ်လုံးနှင့်လက်တွဲကာ နည်းလမ်းပေါင်းစုံဖြင့် အစွမ်းကုန်ဆန့်ကျင်တိုက်ဖျက်သွားကြပါရန် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စည်းရုံးရေးနှင့်ပြန်ကြားရေးဌာန
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

၂၀၁၀ ပြည့်နှစ် မတ်လ (၁၀)ရက်

ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် – +၉၁–၉၉၅၄ ၅၃၃၈ ၅၈